


BURMA NEWS INTERNATIONAL

Myanmar Peace Monitor

# Weekly News Review

Issue 90, January 25 - 31 , 2023

# အင်္ဂါမစုံ ကာ–လုံနှင့်
# အာဏာသိမ်းစစ်အုပ်စု ခြေလှမ်းများ

# အင်္ဂါမစုံ ကာ - လုံနှင့် အာဏာသိမ်းစစ်အုပ်စု ခြေလှမ်းများ

## နိဒါန်း

စစ်အာဏာသိမ်းကာလသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ၂ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ အဓမ္မလုယူထားသော တိုင်းပြည်အာဏာအရပ်ရပ်ကို အပြည့်အဝ ထိန်းချုပ်နိုင်ရေး ကြိုးပမ်းနေဆဲဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များကို ချိုးဖောက်ကာ အင်္ဂါစဉ် မစုံလင်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာ - လုံ)မှ တဆင့် နိုင်ငံအား အရေးပေါ်အခြေအနေ ကြေညာပြီး တရားမဝင် အုပ်ချုပ်နိုင်ရေး ကြိုးပမ်းနေမှုသည် ၂ နှစ် ကြာမြင့်လာသည့်တိုင် အောင်မြင်မှုမရှိခဲ့ဟု ဆိုရပါမည်။ အာဏာသိမ်းစစ်အုပ်စုအား ဘက်ပေါင်းစုံ၊ နည်းလမ်းအသွယ်သွယ်ဖြင့် ဆန့်ကျင်နေကြသော ပြည်သူလူထု၏ အင်အားသည်သာ ထုထည်ပိုမိုကြီးမားလာခဲ့သည်ကို တွေ့ရသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်တွင် စစ်အာဏာသိမ်းကာလ ၂ နှစ်ပြည့်အလွန် စစ်အုပ်စု၏ ခြေလှမ်းများကို တွေးဆလေ့လာ တင်ပြသွားပါမည်။

Myanmar Peace Monitor




# အဂါစဉ်မစုံလင်သောကာ-လုံအစည်းအဝေး

အာဏာသိမ်းစစ်အုပ်စု ဖက်တွယ်စွဲကိုင်ထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၁ အရ နိုင်ငံတော်သမ္မတကသာ ဦးဆောင်ဖွဲ့စည်းခွင့်ပြုထားသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာ-လုံ) တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး စုစုပေါင်း (၁၁) ဦး ပါဝင်ရသည့်အနက် ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူက အမည်စာရင်းတင်သွင်းပြီး ပါဝင်ခွင့်ရနေသူ (၆) ဦးအထိ ပါဝင်နေသည့်အတွက် ကာ-လုံသည် စစ်အုပ်စုမှ အသာစီးရယူထားသည့် အစုအဖွဲ့တစ်ခု ဖြစ်ပေသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းချိန်ကစပြီး ၎င်း ကာ-လုံ အစုအဖွဲ့တွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ပါဝင်ခြင်းမရှိတော့ပေ။ ဒုတိယသမ္မတဖြစ်သူ စစ်ဗိုလ်ချုပ်ဟောင်းဦးမြင့်ဆွေ အပါအဝင် အဖွဲ့ဝင် (၉) ဦးသာရှိသော ကာ-လုံတွင် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် အပေါင်းအပါများသည် (၇)နေရာအထိ ရယူထားသည်ဟုဆိုရပါမည်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့သည် ကာ - လုံအဖွဲ့ဝင်များအဖြစ် အာဏာသိမ်းစစ်အုပ်က စာရင်းပြုထားသော်လည်း ၎င်းတို့၏ စိတ်ဆန္ဒ ပါ၊ မပါကိုမူ ဝေခွဲရခက်ခဲသည်ဟု ဆိုရပါမည်။

ဦးဟင်နရီဗန်ထီးယူသည် စစ်အာဏာသိမ်းကာလအတွင်း ပြုလုပ်သော ကာ-လုံ အစည်းအဝေး (၃)ကြိမ်စလုံးကို တက်ရောက်ခဲ့ခြင်း မရှိခဲ့ပေ။ ဦးတီခွန်မြတ်ကမူ ပထမ





ဆုံး အကြိမ်ပြုလုပ်သည့် ကာ-လုံအစည်းအဝေးမှတပါး ကျန်အစည်းအဝေးနှစ်ကြိမ်တွင် လူကိုယ်တိုင်တက်ရောက်ခဲ့သည်ကို တွေ့ရပါသည်။

စစ်အာဏာသိမ်းကာလ ၂ နှစ်မပြည့်မီ တစ်ရက်အလို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်သော ကာ-လုံ အစည်းအဝေး(၁/၂၀၂၃)အပြီး စာမျက်နှာ ၃၇ မျက်နှာပါ အာဏာသိမ်းစစ်ကောင်စီ၏ သတင်းထုတ်ပြန်ချက်တွင်တော့ ၎င်းတို့၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုမအောင်မြင်သေးကြောင်း ထုတ်ပြန်ချက်ပါ ဆွေးနွေးချက်များမှ တဆင့် သုံးသပ်နိုင်ပါသည်။

စစ်အာဏာသိမ်းမှု ဆန့်ကျင်သော နွေဦးတော်လှန်ရေးအင်အားစုများအနက် အရေးပါသော အကြမ်းမဖက် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍကို ကျန်းမာရေးဝန်ကြီးဌာန အမှုထမ်း အရာထမ်းများ၏ CDM ကိန်းဂဏန်းများဖြင့် လှစ်ဟပြသွားခဲ့သည်။ ထို့အပြင် အာဏာသိမ်းစစ်ခေါင်းဆောင်ကိုယ်တိုင် ဖိတ်ခေါ်ဆွေးနွေးလျက်ရှိသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ(EROs)နှင့် တွေ့ဆုံမှုအခြေအနေတွင်လည်း EROs အားလုံး၏ လက်ခံယုံကြည်မှုကို အပြည့်အဝမရရှိခဲ့ကြောင်း ထင်ရှားစေသည်။ စစ်အာဏာသိမ်းကာလအတွင်း ဖြစ်တည်ပေါ်ပေါက်လာသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH) ၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအား အကြမ်းဖက်သမားများဟု သုံးနှုန်းကာ ERO များ၏ ပံ့ပိုးမှုများ ရရှိနေသည်ဟု ဆိုထားပါသည်။ ကချင်လွတ်လပ်ရေးတပ်ဖွဲ့(KIA) ၊ ကရင်အမျိုးသားအစည်းအရုံး(KNU) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) တို့ကို နာမည်တပ်ကာ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးက ပြောဆိုထားသည်ကို တွေ့ရသည်။

၃၇ မျက်နှာပါ ကာ-လုံ အစည်းအဝေး သတင်းထုတ်ပြန်ချက်အတွင်း မြန်မာနိုင်ငံ



၏ မြို့နယ်ပေါင်း ၃၃၀ အနက် ၁၉၈ မြို့နယ်သာ ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းသည်။ ကျန် ၁၃၂ မြို့နယ်သည် လုံခြုံရေးအရ စိန်ခေါ်မှုများရှိနေကြောင်း အာဏာသိမ်းစစ်ခေါင်းဆောင်က ဝန်ခံထားသည်။ သို့သော် ၎င်းတို့၏ မဖြစ်မနေ ကျင်းပမည်ဟု ဆုံးဖြတ်ထားသော အထွေထွေရွေးကောက်ပွဲကိုမူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကြားအလပ်မရှိ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒနယ်အားလုံး၏ ၅၀ ရာခိုင်နှုန်းကျော် ကျင်းပနိုင်ရေးအကြား စိတ်ဂနာမငြိမ်ဘဲ ဝေခွဲရခက်နေဟန် ရှိသည်ကို တွေ့ရပါသည်။ တစ်ဖက်တွင် ၂၀၁၀ ၊ ၂၀၁၅၊ ၂၀၂၀ ခုနှစ်များအတွင်း ကျင်းပခဲ့သော ရွေးကောက်ပွဲများထက် ရွေးကောက်ပွဲကျင်းပနိုင်သည့် မဲဆန္ဒနယ်မြေ မလျော့နည်းစေရေး လုပ်ဆောင်ပြနိုင်ဖို့ ဆန္ဒပြင်းပြနေပြီး လက်တွေ့အခြေအနေသည် မည်သို့မျှ မဖြစ်နိုင်ကြောင်း လက်ခံထားရသည်မို့ အာဏာသိမ်းစစ်ခေါင်းဆောင်အတွက် စိတ်ကစဉ့်ကလျား ဖြစ်စေသည်ဟု ဆိုရပေလိမ့်မည်။

မည်သို့ဆိုစေ ၎င်းတို့ပြုလုပ်မည့် ရွေးကောက်ပွဲကိုမူ နိုင်သူအကုန်ယူစနစ် (First Past the Post-FPTP) အစား အချိုးကျကိုယ်စားပြုစနစ်(Proportional Representation-PR) ကို ပြောင်းလဲကျင့်သုံးသွားမည်ဟု အာဏာသိမ်းစစ်အုပ်စုက စိတ်ပိုင်းဖြတ်ထားသည်ကို တွေ့ရသည်။ ကာ-လုံအစည်းအဝေး (၁/၂၀၂၃) အဆုံးသတ်တွင်တော့ အာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အပေါင်းအပါအဖွဲ့ဝင်များအားလုံး၏ သဘောတူဆုံးဖြတ်ချက်အရဟု ဆိုကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ ပါအတိုင်း "နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်ကြေညာထားသည့်ကာလကို ၁-၂-၂၀၂၃ ရက်မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း" နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ ပါအတိုင်း နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စစ်ကောင်စီ (၎င်းတို့အခေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်"ထံသို့ ထပ်မံ ပေးအပ်ခဲ့သည်ကို တွေ့ရသည်။



# အာဏာသိမ်းစစ်အုပ်စု ခြေလှမ်းများ

၂ နှစ်အထိ ကြာမြင့်လာခဲ့ပြီဖြစ်သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုလုပ်ငန်းစဉ်သည် ကျဆုံးသွားခဲ့ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်အာဏာသိမ်းမှုစတင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး ယနေ့အချိန်ထိ ပြည်သူလူထု၏ ဆန့်ကျင်ဆန္ဒဖော်ထုတ်မှုများသည် တစ်နေ့တစ်ရက်မျှ ရပ်တန့်သွားခဲ့မရှိသည်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ မြန်မာတစ်နိုင်ငံလုံး တိတ်ဆိတ်ငြိမ်သက်ခြင်း သပိတ်လှုပ်ရှားမှုက သက်သေပြနေပြီဖြစ်သည်။

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေးအင်အားစုများ၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာရေးရာ ကဏ္ဍစုံမှ တွန်းထိုးဖိအားပေးမှုများသည်လည်း အာဏာသိမ်းစစ်အုပ်စုအတွက် နေ့စဉ်ရက်ဆက် ထိုးနှက်လာနေသည်ကို တွေ့မြင်နေရပါသည်။

အာဏာသိမ်းစစ်အုပ်စုအတွက်မူ ၎င်းတို့၏ တရားမဝင်လုယူထားသော အုပ်ချုပ်မှု အာဏာအရပ်ရပ်ကို တရားဝင်ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ချက်များသည် ၎င်းတို့၏ အနွယ်အပွား၊ အစေအပါးများအပ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံအားပေးမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှုကိုပင် တစုံတရာရရှိနေခြင်း မရှိသေးဟုဆိုရပေလိမ့်မည်။ ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စု၏ ၎င်းတို့၏ အထွေထွေအကြပ်အတည်းမှ လွတ်မြောက်ရေးလမ်းစအဖြစ် အထွေထွေရွေးကောက်ပွဲတစ်ရပ် မဖြစ်မနေ ကျင်းပရေးသည်သာ နံပါတ်တစ် ဦးစားပေးခြေလှမ်းအဖြစ် သတ်မှတ်ထားပေလိမ့်မည်။

ယင်းသို့ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ၎င်းတို့ထိန်းချုပ်၍မရတော့သည့် မြို့နယ်များနှင့် ၎င်းတို့ထိန်းချုပ်နိုင်သေးဟု ယူဆရသော မြို့နယ်များ၏ ပိုင်းခြားသတ်မှတ်ကာ အုပ်ချုပ်ရေးပုံစံများ ပြောင်းလဲခြင်း (ဥပမာ စစ်အုပ်ချုပ်ရေးကြေညာခြင်း)၊ နယ်မြေစိုးမိုးရေးအတွက် ကြည်း-ရေ-လေထိုးစစ်ဆင်မှုများ (အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများ) အရှိန်မြှင့်လုပ်ဆောင်လာနိုင်ကြောင်း ရှုမြင်မိပါသည်။ ထို့အပြင် ပြည်သူလူထုအား ရွေးကောက်ပွဲအတွက် ဖိအားပေးမှုများ၊ ခြိမ်းခြောက်အကြပ်ကိုင်မှုများ ရှိလာနိုင်ပါသည်။

သို့နှင့်တိုင် ၎င်းတို့၏ နံပါတ်တစ် ဦးစားပေးဖြစ်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးသည် အချိန်ကာလတစ်ခုအထိ လုပ်ဆောင်နိုင်ခြင်းမရှိပါက ၎င်းတို့ လိုသလို အသုံးချနိုင်သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကာအကွယ်ပြုကာ စစ်အာဏာသိမ်းကာလကို ထပ်မံဆွဲဆန့်လိမ့်မည်ဟု သုံးသပ်မိပါသည်။ အကြောင်းမူ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၆ အရ "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန် ပြီးမြောက်အောင်ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ" မှသာ ၎င်းအား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာရမည်ဟု ဆိုထားပါသည်။ ထို့ကြောင့် "နိုင်ငံဟာ သာမန်အခြေအနေမှာ ရှိမနေကြောင်း" ဆိုသည့် အကြောင်းပြချက်တစ်ခုဖြင့်ပင် ၎င်းတို့၏ အဓမ္မလုယူထားသော အာဏာအရပ်ရပ်ကို သက်ဆိုးရှည်စွာ ဆွဲဆန့်ထားနိုင်သည့် အခွင့်အရေးများ ရှိနေသည်ဟု ဆိုရပါလိမ့်မည်။

# သုံးသပ်တင်ပြချက်

အင်္ဂါစဉ်မစုံလင်သော ကာ-လုံ၏ စစ်အာဏာသိမ်းကာလအတွင်း တတိယအကြိမ် အစည်းအဝေးအပြီး သတင်းထုတ်ပြန်ချက်များထဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော စစ်အာဏာသိမ်းမှု၏ ကျဆုံးမှုကို မြင်တွေ့ခဲ့ရသည်။



ထို့ကြောင့်သာ အာဏာသိမ်းစစ်အုပ်စုကိုယ်တိုင် ကမကထပြု ကျင်းပမည့် အတွေထွေရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် (၆)လသက်တမ်း ထပ်တိုးပေးခဲ့ခြင်းဖြစ်သည်။ မလုံလောက်သေးပါက အထပ်ထပ်အခါခါ သက်တမ်းတိုး မြှင့်ဖို့အတွက်လည်း ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ရှက်ကြောက်နေမည်မဟုတ်ဟု ဆိုရပေလိမ့်မည်။ "ကျနော် မလုပ်ရဲတာဘာမှမရှိဘူး" ဟူသည်က သက်သေပြုထားပြီဖြစ်သည်။

> မလုံလောက်သေးပါက အထပ်ထပ်အခါခါ သက်တမ်းတိုးမြှင့်ဖို့ အတွက်လည်း ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ရှက်ကြောက်နေမည် မဟုတ်ဟု ဆိုရပေလိမ့်မည်။ "ကျနော် မလုပ်ရဲတာ ဘာမှမရှိဘူး" ဟူသည်က သက်သေပြုထားပြီ ဖြစ်သည်။

အာဏာသိမ်းစစ်ကောင်စီအတွင်း ဟန်ပြအနေဖြင့် ထည့်သွင်းထားသော တိုင်းရင်းသားနှင့် အရပ်ဖက်နိုင်ငံရေးသမားများကို ကောင်စီဗဟိုအကြံပေးအဖွဲ့ဟု ဆိုကာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်ချက်တစ်စောင်ဖြင့် စစ်ကောင်စီမှ ဖယ်ထုတ်လိုက်သည်။ ၎င်းကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သည့် စစ်ကောင်စီတွင်လည်း ဒုတိယဝန်ကြီးချုပ် (၅) ဦးအထိ နေရာပေးထားရသည်က ထူးခြားပြီး အချင်းချင်းအကြား စီးနှောင်မှုလျော့ရဲနေကြောင်း သုံးသပ်မိပါသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင်လည်း တိုင်းနှင့် ပြည်နယ် (၈)ခုမှ မြို့နယ် ပေါင်း ၃၇ မြို့နယ်အထိ စစ်အုပ်ချုပ်ရေး ကြေညာကြောင်း ထုတ်ပြန်ခဲ့သည်။ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့သည် စစ်အုပ်ချုပ်ရေးကြေညာခြင်းခံရသည့် မြို့နယ်အများဆုံးဒေသများ ဖြစ်နေသည်ကို တွေ့ရပါသည်။

ဆိုရသော် အာဏာသိမ်းစစ်အုပ်စုသည် တစ်ဖက်တွင် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ် အပြန့်ကျယ်စွာ ရင်ဆိုင်နေရသကဲ့သို့ ERO များ၊ နွေဦးတော်လှန်ရေးအင်အားစုများ၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာ အရေးအရာများက အစ ဖိအားပေးမှုများ တပြိုင်နက်ကြုံတွေ့နေရသည့်အတွက် ၎င်းတို့၏ ပိုနေမြဲ ကြားနေမြဲ အခြေအနေသို့ ပြန်ရောက်ရေးအတွက် ထွက်ပေါက်ရှာခြေလှမ်းများကို တလှမ်းချင်း၊ တဆင့်ချင်း လျှောက်လှမ်းနေဆဲဖြစ်သည်။ တိုင်းရင်းသား ပြည်သူလူထုအကြား၊ နိုင်ငံရေးအင်အားစုများအကြား၊ ERO များအကြား စုစည်းညီညွတ်မှုကို မည်သို့ဖြိုခွဲ၍ ရနိုင်ကြောင်းကို စစ်အုပ်စုသည် အကြိမ်ကြိမ်လုပ်ဆောင်ပြခဲ့ဖူးသည်။


စစ်အာဏာသိမ်းကာလ ၂ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ ပြည်သူလူထု၏ အသက်၊ အိုးအိမ်ပေါင်းများစွာ ပေးဆပ်စတေးခဲ့ရပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ဆင်နွှဲနေကြသော တောင်တန်းမြေပြန့် အနှံ့အပြားတွင် မြို့ပြဒေသလိုက် ပြည်သူ့ကာကွယ်ရေးတပ်(PDF-LDF) ပေါင်း ရာနှင့်ချီ ရှိနေပြီဖြစ်သည်။ ERO အပါအဝင် CRPH ၊ NUG နှင့် NUCC အစုအဖွဲ့ဝင်များအပြင် နွေဦးတော်လှန်ရေးအင်အားစုများအားလုံး၏ တသံတည်းညီ တချီတည်း ရုန်းနိုင်ရေးအတွက် ညီညွတ်မှု ခိုင်မာအားကောင်းရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း သတိချပ်ရပေလိမ့်မည်။

၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး အဆုံးအဖြတ်နှစ်အဖြစ် သတ်မှတ်ချီတက်နေသကဲ့သို့ စစ်အာဏာသိမ်းကာလ သက်ဆိုးမရှည်စေရေးအတွက် စစ်အုပ်စု၏ ခြေလှမ်းများကို သတိထားစောင့်ကြည့်ရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏မှတ်တမ်းအရ ဇန်နဝါရီလ ၂၅ရက်မှ ၃၁ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့်မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၃၃ ရက်ရှိခဲ့ပါသည်။ တိုင်းနှင့်ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၉ ရက်အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၃၃ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

ဇန်နဝါရီ ၂၅ - ၃၁ - ၂၀၂၃


**108** စစ်ကောင်စီတပ်သားသေဆုံးမှု

**10** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု

**13** အရပ်သားသေဆုံးမှု




## ၇၀၀၀ စစ်ဘေးရှောင်အရေအတွက် (ဇန်နဝါရီ ၂၅ - ၃၁ - ၂၀၂၃)






# စစ်ကိုင်းတိုင်း





ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ထဲမှ CDM လှုပ်ရှားမှုတွင် ပါဝင်သော ဆင်နှင့် ဆင်ထိန်းမိသားစုဝင်များမှာ ဆေးဝါးနှင့် စားဝတ်နေရေး အခက်အခဲကို ရင်ဆိုင်နေကြရပါသည်။ လက်ရှိတွင် CDM ပြုလုပ်ထားသော ဆင်ထိန်းမိသားစုဝင် စုစုပေါင်းအိမ်ထောင်စု ၃၃ စုနှင့် လူဦးရေ ၁၀၀ကျော် ရှိနေပြီး၊ ဆင်ကောင်ရေ ၄၂ ကောင်ထိ ရှိနေပါသည်။ ဆင်ထိန်းများမှာ CDM ပြုလုပ်ထားသော်လည်း ဆင်များကို စွန့်ပစ်ပြီး နေရပ်မပြန်နိုင်ခြင်းကြောင့် ဆင်များနှင့်အတူ ဘေးကင်းနိုင်မည့် တောတွင်းတနေရာတွင် နေထိုင်နေကြရပါသည်။ သို့သော် ၎င်းတို့တည်ရှိသည့်နေရာသည် ပွင့်လင်းရာသီတွင်သာ သွားလာရအဆင်ပြေပြီး မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ နွေရာသီတွင်လည်း တောမီးလောင်မှုကြောင့် သွားလာရခက်ခဲကြောင်းသိရပါသည်။

ယင်းသို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသတွင် တိမ်းရှောင်နေကြရသည့် ဆင်နှင့် ဆင်ထိန်းမိသားစုဝင်များအတွက် ပြည်သူ့ကာကွယ်ရေးအဖွဲ့အချို့က လာရောက်လှူဒါန်းပေးမှုများရှိသော်လည်း တည်နေရာအခက်အခဲကြောင့် လုံလောက်သည့် ဆေးဝါးနှင့် စားနပ်ရိက္ခာရရှိမှု ခက်ခဲနေကြပါသည်။

အဆိုပါ ဆင်နှင့် ဆင်ထိန်းများသည် အာဏာသိမ်းမှုမတိုင်ခင်က အလောင်းတော်ကဿပသို့ ဘုရားဖူးလာရောက်သူများအား ဘုရားကျောင်းတော်ဆီ သယ်ဆောင်ပေးခြင်းဖြင့် ရရှိလာသည့်ငွေကြေးများဖြင့် ရပ်တည်ခဲ့ကြသူများဖြစ်ပါသည်။

ဇန်နဂါရီ ၃၀ ရက်တွင် ကျွန်းလှမြို့နယ်၊ တောင်ယာဆိပ်ကျေးရွာအုပ်စုရှိ နေအိမ်များကို စစ်ကောင်စီတပ်သားများနှင့် ပျူစောထီးဆိုသူများ ပူးပေါင်းအင်အား ၁၂၀ ခန့်က မီးတင်ရှို့သဖြင့် စပါးတိုက် ၃၃ လုံးနှင့်အတူ လူနေအိမ် ၁၇၀ လုံးသည် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပါသည်။ မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာများမှာ တောင်ယာဆိပ်ကျေးရွာအုပ်စုမှ သရက်တော၊အောင်ရန်ကင်း၊ မြင်သာဦးနှင့် တောင်ယာဆိပ်ရွာတို့ဖြစ်ကြပါသည်။

ဝက်လက်၊ ယင်းမာပင်၊ ရွှေဘိုနှင့် ဟုမ္မလင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၅ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၆ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် စစ်ကိုင်း၊ မြောင်၊ ဘုတလင် နှင့် မြင်းမူ မြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၉ ဦး ကျဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှု၊ အကြောင်းမဲ့ သတ်ဖြတ်မှုများကြောင့် ကလေးဝနှင့် ကသာမြို့နယ်များတွင် ဒေသခံ ၄ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်က ဇန်နဝါရီ ၂၈ ရက်နေ့မှ စတင်၍ ခြေလျင်စစ်ကြောင်းထိုးနေခြင်းကြောင့် ဆားလင်းကြီးမြို့နယ်မှဒေသခံ ၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ကချင်ပြည်နယ်





မြစ်ကြီးနားမြို့ သီတာရပ်ကွက် အဝိုင်းပတ်လမ်းတောင့်နေရာတွင် အရပ်ဝတ်ဖြင့် သေနတ်ကိုင်ဆောင်ထားသော အမျိုးသား ၅ ဦးမှ လမ်းများကိုပိတ်ဆို့ကာ ဆိုင်ကယ်စီးနင်းလာသော အမျိုးသား ၂ ဦးအား ဖမ်းဆီးခဲ့ပြီး၊ ခြေထောက်နှင့်လက်များကို ကြိုးဖြင့်တုပ်ကာ အိမ်စီးကားတစ်စီးပေါ်သို့ တင်ဆောင်ခေါ်ယူသွားခဲ့ကြောင်းသိရပါသည်။ အဖမ်းခံရသူနှစ်ဦးတွင် အမည်မသိ လူငယ်တစ်ဦးနှင့် လူလတ်ပိုင်းတစ်ဦးတို့ ဖြစ်ပြီး၊ ၎င်းတို့သည် မြစ်ကြီးနား PDF အဖွဲ့၏ အဖွဲ့ဝင်များလည်း မဟုတ်ကြောင်း ပြင်းဆိုထားပါသည်။

ဖားကန့်မြို့နယ်၊ မဖွပ်ယန်ကျေးရွာအတွင်းရေးမှူးဖြစ်သူ ဦးအောင်ဝင်းအား အမည်မသိ လူ ၅ ဦးမှ ဇန်နဝါရီ ၂၆ ရက်တွင် လာရောက်ဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့သည် ဦးအောင်ဝင်းနေအိမ်အတွင်းသို့ ဝင်ရောက်လာပြီး သေနတ်ဖြင့်ထောက်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ပါသည်။

ဇန်နဝါရီလ ၃၀ ရက်နေ့က ဖားကန့်မြို့နယ်၊ လုံးခင်း ကျေးရွာအဝင်ရှိ စစ်ကောင်စီတပ်စခန်းတစ်ခုကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) မှ သွားရောက်တိုက်ခိုက်ခဲ့သည်။







# မကွေးတိုင်း

ရေစကြိုမြို့၊ အမှတ် ၆ ရပ်ကွက်တွင် စစ်ကောင်စီတပ်သားများမှ စိတ်ရောဂါဝေဒနာရှင်တစ်ဦးအား ဇန်နဝါရီ ၂၅ ရက် ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူမှာ ကိုမင်းမင်းထိုက်ဆိုသူဖြစ်ပြီး၊ ၎င်းအား မိုင်းထောက်ဖောက်ခွဲရန်ပြင်ဆင်သည်ဟု စွပ်စွဲကာ စစ်ကောင်စီတပ်သားများမှ မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများရရှိအောင်ထိ ရိုက်နှက်ဖမ်းဆီးခဲ့ကြပါသည်။

ဇန်နဝါရီ ၂၉ ရက်တွင်လည်း ရေစကြိုမြို့ဘက်မှ ထွက်လာသည့် ကားတစ်စီးအား ဇီးတောရွာနားအရောက်တွင် စစ်ကောင်စီတပ်သားများနှင့် ပျူစောထီးများမှ ပူးပေါင်းစစ်ဆေးခဲ့ပြီး၊ ကားပေါ်မှာပါသည့် ယာဉ်မောင်း ကိုနီအောင်လတ်၊ ဒေါ်သောင်းသောင်းမြင့်၊ ဒေါ်စောလှနွယ်နှင့် ဒေါ်ဝေဝေဦးတို့အား PDF နှင့် ဆက်စပ်သည်ဟုဆိုကာ ဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့ကို ရေစကြိုမြို့မရဲစခန်း စစ်ကြောရေးသို့ ခေါ်ဆောင်သွားပြီး ၎င်းတို့စီးလာသည့် ကားနှင့် လက်ကိုင်ဖုန်းများကိုလည်း စစ်ကောင်စီတပ်က သိမ်းဆည်းခဲ့ကြောင်း သိရပါသည်။

ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာ၊ ကန်ရပ်ကြီးကျေးရွာနှင့် ကန်ရပ်လေး ကျေးရွာတို့ကို စစ်ကောင်စီတပ်နှင့် ပျူစောထီးပူးပေါင်းအဖွဲ့ အင်အား ၂၀၀ ခန့်က ဇန်နဝါရီ ၃၀ ရက်တွင် ဝင်ရောက်စီးနင်းမီးရှို့ခဲ့ခြင်းကြောင့် ရွာသား ၁၀၀၀ခန့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ဂန့်ဂေါ၊ ရေစကြို၊ ပခုက္ကူ၊ ပေါက်နှင့် မြိုင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၁ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီ ၂၉ ရက်နေ့က ဆိပ်ဖြူမြို့နယ်မှာ စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၅ ဦး ကျဆုံးခဲ့သည်။ ဇန်နဝါရီလ ၃၀ ရက်နေ့မှ စတင်၍ စစ်ကောင်စီတပ်က ပခုက္ကူမြို့နယ်၊ ကန်တော်ရွာ၊ ကန်ရပ်ကြီးရွာနှင့် ကန်ရပ်လေးရွာတို့ကို မီးရှို့ဖျက်ဆီးမှုကြောင့် ဒေသခံ ၁၀၀၀ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






# မန္တလေးတိုင်း


စစ်ကောင်စီတပ်မှ မန္တလေးမြို့သစ်မှ နေအိမ်များအား ကျူးကျော်ဟု သတ်မှတ်ချက်ဖြင့် အတင်းအဓမ္မ ဖယ်ရှားရှင်းလင်းပြီးနောက် နောက်ဆက်တွဲ ပြဿနာတစ်ခုအဖြစ် အိမ်ခြေရာမဲ့များကို မြို့အတွင်း၌ အများအပြားတွေ့ရှိလာရကြောင်းသိရပါသည်။ အိမ်ခြေရာမဲ့များအား မြစ်ကမ်းဘေးများ၊ ရထားလမ်းဘေးများနှင့် ရပ်ကွက်အချို့ရှိ လူနေအိမ်များ၏ အုတ်တံတိုင်းနံဘေးများတွင် ပိုမိုတွေ့ရှိလာရကြောင်း၊ ယခုလအတွင်းတွင် ဒဏ်ရာဒဏ်ချက်မရှိဘဲ လမ်းဘေးတွင် သေဆုံးနေသော ရုပ်အလောင်း ၂လောင်းလည်း တွေ့ရှိခဲ့ရကြောင်းသိရပါသည်။

ဇန်နဝါရီ ၂၆ ရက်က မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြကျေးရွာမှ ရတနာထွန်း သစ်၊ ဂါးနှင့် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်ပိုင်ရှင်များဖြစ်သော ဗိုလ်ကြီးဟောင်းနှင့် ဇနီးဖြစ်သူတို့ကို လူကြမ်းကြီး အထူးပြောက်ကျားတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ကြောင်း သိရပါသည်။ အသတ်ခံရသူ ဗိုလ်ကြီးဟောင်းသည် လကတ (၂၀၃၁) မှ ဗိုလ်ကြီးခင်မောင်ထွန်း(ကြည်း ၃၈၅၈၄) ဖြစ်ပြီး၊ ဇနီးဖြစ်သူနှင့်အတူရှိနေစဉ် နေအိမ်၌ပင် ပစ်သတ်ခံလိုက်ရခြင်း ဖြစ်ပါသည်။ သေဆုံးသူ ၂ ဦးသည် စစ်ကောင်စီတပ်ဖွဲ့ဝင်များထံ အဝင်အထွက်ရှိသူများဖြစ်ပြီး၊ သတင်းအပေးအယူလုပ်နေခြင်းကြောင့် သုတ်သင်ရှင်းလင်းခြင်း ဖြစ်သည်ဟု သိရပါသည်။




ဇန်နဝါရီလ ၂၅ ရက်နေ့က မြင်းခြံမြို့နယ်၊ ဆီးမီးခုံမြို့တွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၆ ဦး ကျဆုံးခဲ့သည်။


# ကရင်ပြည်နယ်





ကော့ကရိတ်မြို့နယ်တောင်ပိုင်း၊ မောင်းမကျေးရွာအုပ်စု သာယာကုန်း ကျေးရွာတွင် ဇန်နဝါရီလ ၂၆ ရက်၊ ညနေပိုင်းက လက်နက်ကြီးကျည် အကြွင်းအကျန်တစ်လုံး ပေါက်ကွဲသဖြင့် ကလေးငယ် ၁ ဦးသေဆုံးပြီး ၃ ဦးဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ မကြာသေးခင်က တိုက်ပွဲပြင်းထန်ခဲ့သည့် သာယာကုန်းကျေးရွာတွင် မပေါက်ကွဲသေးသည့် ၄၀ မမ ကျည်တစ်လုံးကို ကလေးငယ်တစ်ဦးမှ သွားကောက်မိရာမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာ အသက် ၁၀နှစ်အရွယ်  စောကောင်းကောင်းဆိုသူဖြစ်ပြီး၊ ဒဏ်ရာရရှိသူများမှာ မျိုးဝင်းဇော်(၇)နှစ်၊ ကျော်ခူး(၂)နှစ်နှင့် ဒေါ်ဖူးမူး(၅၃)နှစ်တို့ ဖြစ်ကြပါသည်။

ဇန်နဂါရီ ၂၇ရက်တွင် သံတောင်မြို့ရှိ စစ်ကောင်စီတပ်စခန်းတစ်ခုဖြစ်သော လိပ်သိုလ်တပ်ရင်းအား PDF တပ်ဖွဲ့ဝင်များမှ သွားရောက်ပစ်ခတ်ခဲ့ရာတွင် တပ်ရင်းမှူးတစ်ဦးသေဆုံးခဲ့ခြင်းကြောင့် စစ်ကောင်စီတပ်ဘက်မှ မြို့တွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒေသခံများ အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပါသည်။

ဇန်နဝါရီလ ၂၅ ရက်နေ့ မှ ၂၆ရက်နေ့အထိ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုး-ကမ်းနီကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကရင်  အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်း တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၂၇ ရက်နေ့က သံတောင်မြို့၊ လိပ်သိုလ်တပ်ရင်း၏ စစ်ကောင်စီစခန်းသို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက သွားရောက်ပစ်ခတ်ခဲ့ရာ စစ်ကောင်စီဘက်မှ တပ်ရင်းမှူး ၁ ဦး ကျဆုံးခဲ့သည်။  ဇန်နဝါရီလ ၂၆ ရက်နေ့က ကော့ကရိတ်မြို့နယ်တောင်ပိုင်း၊ သာယာကုန်းကျေးရွာတွင် မပေါက်ကွဲသေးသည့် ၄၀ မမကျည်တစ်လုံးကို ကလေးငယ်တစ်ဦးက သွားကောက်မိရာ၌ ပေါက်ကွဲသဖြင့် သေဆုံးခဲ့သည်။











# ပဲခူးတိုင်း


ပဲခူးတိုင်း၊ မင်းလှမြို့နယ်နှင့် ဖြူးမြို့နယ်တို့မှ ပျူစောထီးခေါင်းဆောင်ဆိုသူများအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များမှ ပစ်ခတ်ရှင်းလင်းခဲ့ကြပါသည်။ ဇန်နဝါရီ ၂၉ ရက်တွင် သာယာဝတီ(ခရိုင်) ဂဠုန်တပ်ဖွဲ့ ၊ အဖွဲ့(၃)နှင့် မင်းလှမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ မင်းလှမြို့နယ်၊ ခွက်မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်သော ပျူစောထီးခေါင်းဆောင်ဆိုသူ ဦးထွန်းဝင်းအား သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ကြပါသည်။ သေဆုံးသူသည် ပြည်သူလူထုအပေါ် အမျိုးမျိုးခေါင်းစဉ်တပ်ပြီး ဖမ်းဆီးနှိပ်စက်ခြင်း၊ ငွေကြေးတောင်းခံခြင်း၊ လောင်းကစားမျိုးစုံပြုလုပ်ခြင်းဖြင့် စစ်ကောင်စီတပ်ကို ငွေကြေးထောက်ပံ့ပေးခြင်း တို့လုပ်ဆောင်နေခြင်းကြောင့် ပဲခူးတိုင်း နန်းထိုက်အောင် စစ်ဆင်ရေးအဖြစ် ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း သာယာဝတီ ဂဠုန်တပ်ဖွဲ့မှ ထုတ်ပြန်ခဲ့ပါသည်။

ထို့ပြင် ဇန်နဝါရီ ၂၅ရက်ကလည်း ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့၊ ပဲခူးလမ်းတွင် နေထိုင်သော ပျူစောထီးခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုမျိုးဇော်ဦးအား ဖြူး ပ.က.ဖ အဖွဲ့မှ ပစ်ခတ်ရှင်းလင်းခဲ့ပါသည်။ သေဆုံးသူသည် စစ်ကောင်စီတပ်နှင့် အကျိုးတူပူးပေါင်းပြီး ပြည်သူလူထုကို ဒုက္ခပေးနေခြင်းကြောင့် နန်းထိုက်အောင် စစ်ဆင်ရေးအနေဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ခြင်းဖြစ်ပါသည်။

ဇန်နဝါရီလ ၂၆ ရက်နေ့က နတ်တလင်းမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီ ၂၅ ရက်နေ့က ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့၊ ပဲခူးလမ်းမှာ နေထိုင်သည့် ပျူစောထီး ခေါင်းဆောင် ၁ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။







# ရှမ်း (သျှမ်း) ပြည်နယ်

သီပေါမြို့နယ် ဘော်ကြိုကျေးရွာမှ CDM ပြုလုပ်ထားသည့် အခြေခံပညာ မူလတန်း ကျောင်းအုပ် ဆရာမ တစ်ဦးအား ဇန်နဂါရီ ၂၉ ရက်က စစ်ကောင်စီတပ်သားတို့မှ ရိုက်နှက်ဖမ်းဆီးသွားခဲ့ပါသည်။ လက်ရှိတွင် ဆရာမကို မည်သည့်နေရာသို့ ဖမ်းဆီးခေါ်ဆောင်သွားသည်ကို မသိရသေးကြောင်းနှင့် မိသားစုဝင်များလည်း ဆက်သွယ်ခွင့် မရသေးကြောင်းသိရပါသည်။ လက်ရှိတွင် သီပေါမြို့ပေါ်မှ CDM လုပ်သည့် ပညာရေးဝန်ထမ်း ၄ ဦး အပါအဝင် လူငယ် ၇ ဦးတို့ ဖမ်းဆီး ခံထားရပြီး သီပေါရဲစခန်း အကျဉ်းထောင်တွင် ချုပ်နှောင်ထားပါသည်။


ဆီဆိုင်မြို့နယ်တွင် နှစ်လအတွင်း စစ်ဘေးရှောင် ဦးရေ ၃,၀၀၀ ကျော် ထပ်တိုးလာပြီး နေရာထိုင်ခင်းနှင့် စားနပ်ရိက္ခာများ လိုအပ်နေပါသည်။ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းက ကယားပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် လွိုင်ကော်မြို့အနီးရှိ ကျေးရွာများမှ ဒေသခံများ စစ်ရှောင်အဖြစ် ရောက်ရှိနေခြင်းဖြစ်ပါသည်။

ထပ်တိုးလာသည့် စစ်ရှောင်ဦးရေများတွင် ပအိုဝ်းတိုင်းရင်းသားအများစု ပါဝင်ပြီး ရှမ်းနှင့် ကယန်းတိုင်းရင်းသားများလည်း ပါဝင်ပြီးကာ၊ တိုက်ပွဲနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်ခံရခြင်းတို့ကြောင့် တိမ်းရှောင်လာကြခြင်းဖြစ်ပါသည်။

ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ သျှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကိုးကန့်တပ် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။






# ကရင်နီ (ကယား) ပြည်နယ်


ဒီးမော့ဆို အရှေ့ဘက်ခြမ်းရှိ စစ်ဘေးရှောင်စခန်းတစ်ခုတွင် မွေးကင်းစ ကလေးငယ်တစ်ဦးသည် ဆေးခန်းသွားပြစဉ်လမ်းတွင် သေဆုံးခဲ့ရပါသည်။ အဆိုပါဒေသရှိ စစ်ဘေးရှောင်စခန်းများတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလတွင် ပုံမှန်ဆေးကုသခံရမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လုံလောက်သည့် ကျန်းမာရေးဝန်ထမ်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိခြင်းတို့ကြောင့် ယခုကဲ့သို့ သေဆုံးရခြင်းဖြစ်ကြောင်းသိရပါသည်။ ဒီးမော့ဆို အရှေ့ဘက်ခြမ်းသည် စစ်ကောင်စီတပ်ထံတွင် စစ်ကြောင်းထိုးခံနေရပြီး၊ စစ်ကောင်စီတပ်နှင့် ဒေသခံ PDF တပ်ဖွဲ့တို့အကြား တိုက်ပွဲ ပြင်းထန်နေသည့်နေရာဖြစ်ကြောင်း၊ ထို့ပြင် လွိုင်ကော် – ဒေါတမကြီး – ဘောလခဲ လမ်းကိုလည်း ပိတ်ထားခြင်းကြောင့် ရေရှည်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုခက်ခဲလာနိုင်ကြောင်း သိရပါသည်။

လွိုင်ကော်မြို့အရှေ့ဘက်ခြမ်း၊ ဒေါတပေါးကျေးရွာတွင် စစ်ဘေးရှောင်နေသော အမျိုးသားတစ်ဦးသည် ဇန်နဂါရီ ၃၀ ရက်က တောင်ယာမှအပြန်တွင် မိုင်းနင်းမိပြီး ဘယ်ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ရပါသည်။ မိုင်းထိသူမှာ အသက် ၂၃ နှစ်အရွယ်မောင်ဆော်ရယ်ဖြစ်ပြီး၊ လက်ရှိတွင် လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေရပါသည်။

ဇန်နဝါရီလ ၂၅ ရက်နေ့က ဒီးမော့ဆိုမြို့နယ် အရှေ့ဘက်ခြမ်းတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးပူးပေါင်း တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၂၉ ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ အရှေ့ဘက်ခြမ်းတွင် စစ်ကောင်စီမှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒေသခံ ၁ ဦး ထိမှန် သေဆုံးခဲ့သည်။










# တနင်္သာရီတိုင်း


ရေဖြူမြို့နယ်၊ မင်းသားကျေးရွာတွင် တနင်္ဂနွေအပတ်စဉ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ဘုရားကျောက်လာတက်သည့် သားဖနစ်ဦးအား ဇန်နဂါရီ ၂၉ရက်က စစ်ကောင်စီတပ်လက်အောက်ခံ ပျူစောထီးများမှ ပစ်ခတ်ခြင်းကြောင့် သားဖြစ်သူ ကျည်ထိဒဏ်ရာရရှိခဲ့ပါသည်။ ကျည်ထိမှန်ခဲ့သူမှာ ကလိန်အောင်မြို့နယ်၊ မိုင် ၆၀ ရွာမှ အသက် ၁၆ နှစ်အရွယ် မောင်ဩနေသိမ့် ဖြစ်ပြီး ဖခင်ဖြစ်သူ မောင်းနှင်လာသည့် ဆိုင်ကယ်နောက်တွင် ထိုင်လိုက်လာစဉ် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ပါသည်။

ဇန်နဂါရီ ၂၅ ရက်တွင် ရေဖြူမြို့နယ် ကံပေါက်ဒေသမှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး ပစ်သတ်ခံရပြီးနောက် စစ်ကောင်စီတပ်မှ အမျိုးသမီးများ အပါအဝင် ဒေသခံ ၁၀ ဦးခန့်ကို ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများထဲတွင် ကံပေါက်မဂ္ဂင်ရပ်ကွက်တွင် နေထိုင်သူ ကိုမင်း၊ ကိုအာကာမာန်နှင့် လှည်းကုန်းရွာတွင် ဦးဆန်းဦး၊ ဒေါ်မာရီ၊ မချိုလတ်၊ မနီ၊ ဒေါ်ပု၊ ဦးထွန်းရှိန်တို့ဖြစ်ပြီး ၎င်းတို့၏ နေအိမ်များအတွင်းသို့ စစ်ကောင်စီတပ်သားများမှ အင်အားသုံးပြီး ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။

ပုလောနှင့် တနင်္သာရီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၀ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် တနင်္သာရီမြို့နယ်တွင် တိုက်ပွဲပြင်းထန်သောကြောင့် ဒေသခံ ၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ ဇန်နဝါရီလ ၂၅ ရက်နေ့က ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် စစ်ကောင်စီခန့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်စိုးနှင့် တပည့်ဖြစ်သူ ဦးလှဌေးတို့အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ အလားတူ ဇန်နဝါရီလ ၂၆ ရက်နေ့က ဘုတ်ပြင်းမြို့နယ်၊ ကော့ဗမာ ကျေးရွာအုပ်စု၊ အေးမြသာကျေးရွာတွင် စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး ၁ ဦး ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။







# မွန်ပြည်နယ်

ကျိုက်ထိုမြို့၊ မုပ္ပလင် စစ်ဆေးရေးဂိတ် အနီးတွင် ဇန်နဂါရီ ၂၅ ရက်က ခရီးသည် ၈ ဦးပါသည် ကျိုက်ထီးရိုးဘုရားဖူးကားတစ်စီးပေါ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး ကားပေါ်ရှိ အမျိုးသားတစ်ဦး သေဆုံးခဲ့ကာ ကျန်ခရီးသည် ၇ ဦးမှာ စိုးရိမ်ဒဏ်ရာများ ရရှိခဲ့ကြပါသည်။

ဇန်နဂါရီ ၂၆ ရက်တွင် ကျိုက်ထိုမြို့နယ်၊ ကျူချောင်ကျေးရွာမှ သက်တော် ၆၀အရွယ်ရှိ ဘုန်းကြီးတစ်ပါးသည် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး ပျံလွန်ခဲ့ပါသည်။ ပျံလွန်ခဲ့သော ဘုန်းကြီးမှာ သထုံခရိုင် PDF တာဝန်ခံ ကိုအေးမင်းထွန်း၏ ဦးလေးတော်စပ်သူဖြစ်ပြီး ဆွမ်းခံကြွပြီး ပြန်လာစဉ် ကျူချောင်ကျေးရွာထိပ် ဇရပ်၌ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ပါသည်။

ရေးမြို့နယ်တွင် ဇန်နဝါရီ (၃၀)ရက်က စစ်ကောင်စီတပ်များ တပ်စွဲထားသည့် ကြိုးတံတားကျေးရွာချောင်းအနီးတွင် ရေပိုက်ပြင်သည့် အသက် ၇၀အရွယ် အဖိုးအိုတစ်ဦး မိုင်းနင်းမိ၍ ခြေထောက်ပြတ်ထွက် ဒဏ်ရာရရှိခဲ့ပါသည်။ ကြိုးတံတားကျေးရွာသည် စစ်ကောင်စီတပ်နှင့် PDF တပ်ဖွဲ့တို့ အကြား မကြာခဏ တိုက်ပွဲဖြစ်ပွားလျှက်ရှိသော နေရာတစ်ခုဖြစ်ပါသည်။

ရေး နှင့် ဘီးလင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၂၇ ရက်နေ့က ရေးမြို့နယ်၊ ဝယ်ဇင်ကျေးရွာတွင် ပျူစောထီး ၂ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဇန်နဝါရီလ ၂၅ ရက်နေ့က ကျိုက်ထိုမြို့ ၊ မုပ္ပလင် စစ်ဆေးရေးဂိတ်အနီးတွင် ခရီးသည် ၈ ဦးပါသည့် ကားတစ်စီးပေါ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ရာ ကားပေါ်ရှိ အမျိုးသား ၁ ဦး သေဆုံးခဲ့သည်။





# ဧရာဝတီတိုင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဦးဆောင်သော အစိုးရလက်ထက်၊ ဧရာဝတီတိုင်း အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးအား ဇန်နဝါရီ ၃၀ ရက်က ပုသိမ်ထောင်တွင်း တရားရုံးမှ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)နှင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ပါသည်။ အမျိုးသမီးဝန်ကြီးတစ်ဦး ဖြစ်သူ ဒေါက်တာလှမြတ်သွေးသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပါသည်။ ထို့ပြင် သူမသည် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅နှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင်လည်း ရေကြည်မြို့နယ် တိုင်းဒေသကြီးကိုယ်စားလှယ်အဖြစ် အနိုင်ရခဲ့သူ ဖြစ်ပါသည်။

ဇန်နဂါရီ ၂၇ ရက်က ကျုံပျော်မြို့၊ ဒို့မိသားစုဆောက်လုပ်ရေး ပစ္စည်းဆိုင်အနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်လက်အောက်ခံ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ပါသည်။ ဒဏ်ရာရရှိသူမှာ ခရီးသွားများထံမှ ငွေကြေးမတရားတောင်းယူနေသူ ရဲဒုတပ်ကြပ် သူရအောင်ဆိုသူဖြစ်ပြီး၊ ၎င်းသည် ကျုံပျော်မြို့နယ် လေ့ဆွဲရွာတွင် ဖြစ်ပွားဖူးသည့် ဖြစ်စဉ်တွင် ဒေသခံများအား အကြမ်းဖက်ပစ်ခတ် ဖမ်းဆီးခဲ့သူလည်းဖြစ်ပါသည်။




# ရန်ကုန်တိုင်း

လှိုင်မြို့နယ်၊ ၂ ရပ်ကွက်၊ ဘုရင့်နောင်လမ်းတွင် ဇန်နဂါရီ ၃၀ ရက်က ရွှေဝါဆပ်ပြာစက်ရုံမှ ဒုအထွေထွေမန်နေဂျာ ဦးမြင့်စိုး ဆိုသူသည် သေနတ်ဖြင့် ပစ်ခတ်ခံရကာ သေဆုံးခဲ့ပါသည်။ ဖြစ်စဉ်မှာ သေဆုံးသူသည် အဆိုပါလမ်းအတွင်း အသုတ်ဆိုင်တစ်ဆိုင်တွင် မုန့်ဂယ်နေစဉ် အမည်မသိ အမျိုးသားတစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရွှေလီလမ်းနှင့် ရောဝဏ်လမ်းထောင့်ရှိ ၆၀ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၃၀ ရက်က ပစ်ခတ်တိုက်ခိုက်ခံရပြီး အုပ်ချုပ်ရေးမှူး ၁ ဦးနှင့် ရာအိမ်မှူး ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ အုပ်ချုပ်ရေးမှူးအဖွဲ့များသည် ဧည့်စာရင်းပေးပြီး ရုံးပိတ်ရန်လုပ်နေချိန်တွင် ဆိုင်ကယ်စီးလာသူများမှ လက်ပစ်ဗုံး အပါအဝင် သေနတ်ဖြင့်လည်း ပစ်ခတ်ခဲ့ခြင်းဖြစ်ပါသည်။

ဇန်နဝါရီလ ၃၀ ရက်နေ့က လှိုင်မြို့နယ်၊ ၂ ရပ်ကွက်၊ ဘုရင့်နောင်လမ်းတွင် ရွှေဝါဆပ်ပြာစက်ရုံမှ ဒုအထွေထွေ မန်နေဂျာ အမျိုးသား ၁ ဦးသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။





# ရခိုင်ပြည်နယ်


မင်းပြားမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် မိုင်းပေါက်ကွဲပြီး ဒေသခံသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိသူများ ရှိခဲ့ပါသည်။ ဇန်နဂါရီ ၂၆ ရက်တွင် ဘူးသီးတောင်မြို့နယ်၊ ဖိုးခေါင်ချောင်း ( မူဆလင် ) ကျေးရွာမှ ဆယ်ကျော်သက်အရွယ် ကလေးငယ် ၄ ဦး ထင်းခုတ်သွားစဉ် မိုင်းပေါက်ကွဲခဲ့ခြင်းကြောင့် အသက် ၁၁ နှစ်အရွယ် မာမက်န (၁၁ နှစ်)ဆိုသူ သေဆုံးခဲ့ပြီး၊ အသက် ၁၄ နှစ်အရွယ် ဂျာနီအာလာမ်၊ အသက် ၁၂ အရွယ် အော်ဇီးလ်အူလ္လာ နှင့် အသက် ၁၂ အရွယ် ရော်ဘီအူဟာဆောင်းတို့မှာ ဒဏ်ရာ အပြင်းအထန် ရရှိခဲ့ကြပါသည်။

ထို့ပြင် မင်းပြားမြို့နယ်၊ ဖားပြိုကျေးရွာမှ အသက် ၅၀ ကျော် အရွယ် ဦးသန်းရွှေမောင်သည် ဇန်နဂါရီ ၂၇ ရက်က ထင်းခွေသွား ရာတွင် မိုင်းနင်းမိပြီး သေဆုံးခဲ့ရပါသည်။

ဇန်နဂါရီ ၃၁ ရက်တွင် ပုဏ္ဏားကျွန်းမြို့၊ စံပြရပ်ကွက်၊ ဦးရာဇ် တော် တံတားအနီး၌ ခမရ ၅၅၀ တပ်ရင်းကမှ စစ်ကောင်စီတပ်သား ၅၀ ခန့်သည် နွားများတင်ဆောင်လာသည့် စက်လှေ ၂ စီးအား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြပါသည်။ အဆိုပါ စက်လှေကြီးများ မှာ ပေါက်တောမြို့နယ်ဘက်မှ တဖက်နိုင်ငံသို့ပို့မည့် နွားများကို သယ်ဆောင်လာခြင်းဖြစ်ပြီး၊ နွားအကောင်ရေ ၃၀ကျော်ကိုလည်း စစ်ကောင်စီတပ်သားများက ဖမ်းဆီးခဲ့ကြပါသည်။ အဆိုပါ ပစ်ခတ် မှုသည် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော် (အေအေ) တို့အကြား အပစ်ရပ်ကာလတွင် ထွက်ပေါ်လာသော သေနတ်ပစ်သံများ ဖြစ် ခြင်းကြောင့် ဒေသခံများလည်း အထိတ်တလန့်ဖြစ်ခဲ့ကြရပါသည်။




ဇန်နဝါရီလ ၂၆ ရက်နေ့က ဘူးသီးတောင်မြို့နယ်၊ ဖိုး ခေါင်ချောင်း ကျေးရွာတွင် မိုင်းပေါက်ကွဲ၍ အသက် ၁၁ နှစ် အရွယ် ကလေးငယ် ၁ ဦး သေဆုံးခဲ့သည်။ ထို့ အပြင် ဇန်နဝါရီလ ၂၇ ရက်နေ့က မင်းပြားမြို့နယ်၊ ဖား ပြိုကျေးရွာမှ အသက် ၅၀ ကျော်အရွယ် ဦးသန်းရွှေ မောင်သည် ထင်းခွေသွားရာမှ မိုင်းနင်းမိပြီး သေဆုံးခဲ့ သည်။





# ချင်းပြည်နယ်

မင်းတပ်မြို့ပေါ်ရှိ ခလရ ၂၇၄ တပ်ရင်းမှ ဇန်နဝါရီ ၃၁ရက်က လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် မင်းတပ်မြို့နယ် တိုက်နယ်အမှတ်(၁၁)၊ အုံကျေးရွာ ဆေးခန်းအနီးတွင် သုံးကြိမ်ကျရောက်ပေါက်ကွဲခဲ့ကာ အသက် ၁၄ နှစ်အရွယ် မိန်းကလေးငယ် ၃ ဦးနှင့် အသက် ၄၂ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာ ပြင်းထန်ရရှိခဲ့ပါသည်။ ထို့ပြင် ကျေးရွာဆေးခန်း အပါအဝင် ဂျစ်ကားတစ်စီးနှင့် လူနေအိမ်တစ်လုံးလည်း လက်နက်ကြီး ထိမှန်ပျက်စီးခဲ့ပါသည်။ မင်းတပ်မြို့နယ်အတွင်း စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသည့်အပြင် တိုက်လေယာဉ်များလည်း နေ့စဉ် ပျံဝဲလျှက်ရှိနေပါသည်။

ဇန်နဝါရီ ၂၇ ရက်က တမူးခရိုင်အတွင်း စစ်ကောင်စီတပ်ဖွဲ့နှင့် PDF တို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်ဘက်သို့ ထွက်ပြေးခိုလှုံနေကြသော မြန်မာနိုင်ငံသား စစ်ဘေးရှောင် အယောက် ၈၀ ကို မဏိပူရ်ပြည်နယ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပါသည်။ အဆိုပါ စစ်ဘေးရှောင်များမှာ မဏိပူရ်ပြည်နယ် အိန္ဒိယ-မြန်မာနယ်စပ်မြို့ဖြစ်သည့် မိုရေးမြို့နှင့် ၄ကီလိုမီတာခန့်အကွာ လန်းချန်းကျေးရွာနှင့် နီးယူဆလ်ဘုန်း ကျေးရွာတွင် ခိုလှုံနေကြသူများဖြစ်ပြီး၊ အများစုမှာ ချင်းတိုင်းရင်းသားများ ဖြစ်ကြပါသည်။ မိုရေးမြို့နယ်စပ်ဘက်တွင် မြန်မာစစ်ဘေးရှောင် လူဦးရေ ၃၀၀၀ ဝန်းကျင်ခန့် ခိုလှုံလျှက်ရှိနေပါသည်။

ဟားခါးနှင့် မတူပီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးပူပေါင်းတပ်ဖွဲ့ တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဇန်နဝါရီလ ၂၅ ရက်နေ့က ဟားခါးမြို့နယ်အတွင်းရှိ စစ်ကောင်စီ၏ တပ်စခန်းအား ထမင်းသွားပို့သည့် တပ်သား ၂ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်က ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ တပ်သား ၂ ဦး သေဆုံးခဲ့သည်။



# နိုင်ငံတကာစာမျက်နှာ



နော်ဝေနိုင်ငံအစိုးရ ပင်စင်ရန်ပုံငွေအဖွဲ့မှ တရုတ်နှင့် အိန္ဒိယကုမ္ပဏီနှစ်ခုသည် မြန်မာနိုင်ငံအတွက် လက်နက်များ ရောင်းချနေသည်ဟုဆိုကာ ၎င်းတို့ထံ ရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုမှ ရပ်စဲလိုက်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နော်ဝေနိုင်ငံဗဟိုဘဏ်က ထုတ်ပြန်ကြေညာခဲ့ပါသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံတန်ဖိုးရှိသော နော်ဝေအစိုးရ ပင်စင်ရန်ပုံငွေအဖွဲ့သည် ၂၀၂၁ ခုနှစ်ကုန်တွင် တရုတ်ကုမ္ပဏီ AviChina ၏ ရှယ်ယာ ၀ ဒသမ ၃၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး အိန္ဒိယကုမ္ပဏီ Bharat Electronics ၏ ရှယ်ယာ ၀ ဒသမ ၃၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားခဲ့ခြင်းဖြစ်ပါသည်။

သို့သော် ၎င်းတို့အနေဖြင့် လက်နက်များကို အသုံးပြုပြီး စစ်ဆင်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေများကို စနစ်တကျနှင့် အကြီးအကျယ်ချိုးဖောက်နေသော နိုင်ငံအတွက် လက်နက်များရောင်းချနေခြင်းသည် လက်ခံနိုင်စရာမရှိဆိုသည့် အကြောင်းပြချက်ဖြင့် AviChina Industry & Technology နှင့် Bharat Electronics တို့တွင် ရင်းနှီးမြှုပ်နှံမှု ရပ်စဲလိုက်ခြင်းဖြစ်ပါသည်။

ထို့ပြင် နော်ဝေအစိုးရ ပင်စင်ရန်ပုံငွေအဖွဲ့သည် ပြီးခဲ့သည့်လကလည်း ထိုင်းရေနံကုမ္ပဏီကြီးဖြစ်သော PTT Plc နှင့် PTT Oil and Retail Business Plc(OR) တို့ကို မြန်မာစစ်အာဏာရှင်များ၏ အကြမ်းဖက်မှုများအတွက် ငွေကြေးထောက်ပံ့နေသည်ဟုဆိုကာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုစာရင်းမှ ပယ်ဖျက်ခဲ့ပါသည်။

> လေကြောင်း ပုံးကြဲ တိုက်ခိုက်မှုများ၊ အရပ်သား နေအိမ်များကို မီးရှို့ဖျက်ဆီး မှုများ၊ နိုင်ငံရေးခေါင်းဆောင်များ အပေါ် ဖမ်းဆီးခြိမ်းခြောက် နောက်ယှက်မှုများကြားတွင် မြန်မာစစ်တပ်က ကျင်းပမည့် ရွေးကောက်ပွဲကို စိုးရိမ်ပူပန်မိကြောင်း

အမေရိကန်၊ ယူကေ၊ ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့မှလည်း စစ်ကောင်စီတပ်၏ စစ်ဘက်နှင့်အရပ်ဘက်မှ အရာရှိကြီးများ၊ လက်နက်ပွဲစားခရိုနီမိသားစုဝင်များနှင့် လေကြောင်းပုံးကြဲတိုက်ခိုက်နိုင်အောင် လေယာဉ်ဆီထောက်ပံ့နေသည့် ကုမ္ပဏီများအပေါ် စီးပွားရေးနှင့် ခရီးသွားခွင့်များ တားဆီးပိတ်ဆို့ဒဏ်ခတ်အရေးယူမှုများ ချမှတ်ကြောင်း ကြေညာခဲ့ကြပါသည်။


အမေရိကန် နိုင်ငံခြားရေးဌာန အတိုင်ပင်ခံပုဂ္ဂိုလ် ဒဲရက်ခ်ချောလက်က မြန်မာနိုင်ငံတွင် စစ်ကောင်စီတပ်မှ ကျူးလွန်သော ဆိုးဆိုးဝါးဝါး အကြမ်းဖက်မှုများအတွက် တာဝန်ခံမှုရှိအောင် တိုးမြှင့်လုပ်ဆောင်ရန် အရေးတကြီးလိုအပ်ကြောင်း နိုင်ငံခြားရေးဌာန၏ အာရှပစိဖိတ်ဒေသဆိုင်ရာရုံးတွင် ဇန်နဝါရီ ၂၆ ရက်က ပြောကြားခဲ့ပါသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံပုဂ္ဂိုလ် ဒဲရက်ခ်ချောလက်သည် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ်အန်ဒရူးနှင့် မြန်မာ့လူ့အခွင့်အရေး အကျပ်အတည်းကိစ္စများနှင့် ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးစဉ် ပြောခဲ့ခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် တွမ်အန်ဒရူးကလည်း မြန်မာနိုင်ငံရေးပြဿနာကို နိုင်ငံတကာအသိုက်အဝန်းမှ ထိထိရောက်ရောက် မဖြေရှင်း မကိုင်တွယ်နိုင်ခဲ့သည်မှာ ၂ နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။ လေကြောင်းပုံးကြဲတိုက်ခိုက်မှုများ၊ အရပ်သားနေအိမ်များကို မီးရှို့ဖျက်ဆီးမှုများ၊ နိုင်ငံရေးခေါင်းဆောင်များအပေါ် ဖမ်းဆီးခြိမ်းခြောက်နောက်ယှက်မှုများကြားတွင် မြန်မာစစ်တပ်က ကျင်းပမည့် ရွေးကောက်ပွဲကို စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားခဲ့ပါသည်။ မြန်မာပြည်သူများကို နိုင်ငံရေးအခွင့်အရေးများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားသော အခြေအနေမရှိဘဲ ဆန္ဒမဲပေးပွဲလုပ်ရန် အဆိုပြုခြင်းသည် တိုင်းပြည်မတည်ငြိမ်မှုကို ပို၍ ဆိုးရွားစေလိမ့်မည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်တမ်နိုမာဆူဒီက ၎င်းတို့အနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖြစ်နေချိန်တွင် မြန်မာနိုင်ငံ၏ အကျပ်အတည်း ပြဿနာကို ဖြေရှင်းဖို့ မဖြစ်နိုင်သလို မြန်မာအာဏာသိမ်းစစ်ကောင်စီကို ငြိမ်းချမ်းရေးအစီအစဉ် ဖော်ဆောင်ရေးလမ်းကြောင်းပေါ် ရောက်လာအောင် တွန်းတင်ရေးမှာလည်း ကြေညာချက်များ၊ တိုက်တွန်းချက်များ ထုတ်ပြန်နေရုံနှင့် မအောင်မြင်နိုင်ကြောင်း ဇန်နဝါရီ ၃၀ ရက်တွင် ပြောကြားခဲ့ပါသည်။

## အရှိန်မြှင့်လာသည့် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ

၂၇ ဇန်နဝါရီ -၂၀၂၃




တောင်တန်းမြေပြန့်ဒေသအလိုက် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်သည် အရှိန်အဟုန်မြင့်လာသည်နှင့်အမျှ အာဏာသိမ်းစစ်ကောင်စီ၏ မြေပြင်စစ်ကြောင်းများ အင်အားချိနဲ့လာနေကြောင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများက သက်သေပြနေပါသည်။

စစ်အာဏာသိမ်းမှုစတင်ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်အတွင်း BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ အရပ်သားပြည်သူများ နေထိုင်ရာ ရပ်ရွာများ၊ မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ လှုပ်ရှားရာနယ်မြေများ နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း(ERO)များ၏ ထိန်းချုပ်နယ်မြေများအား စစ်ကောင်စီက လေကြောင်းမှတဆင့် ပုံးကြဲ တိုက်ခိုက်ခဲ့သည့် ရက်ပေါင်း ၂၅၈ ရက်အထိ ရှိခဲ့သည် ကို တွေ့ရသည်။ မိမိတို့အနေဖြင့် လေကြောင်း တိုက်ခိုက်မှု အခြေအနေများကို ကောက်ယူ မှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့် မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။ တွေ့ရှိချက်အရ လေကြောင်းမှတိုက်ခိုက်သည့် တစ်ရက်လျှင် အကြိမ်ရေအားဖြင့် အနည်းဆုံး ၃ ကြိမ်မှ ၅ ကြိမ်အထိ ရှိတတ်သည်ကို တွေ့ရပါသည်။

စစ်ကောင်စီ၏ လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို လေ့လာကြည့်ပါက အရပ်သားပြည်သူများ နေထိုင်ရာ ရပ်ရွာများ၊ စာသင်ကျောင်းနှင့် စစ်ဘေးရှောင်စခန်းများကို ပစ်မှတ်ထားကာ ပုံးကြဲတိုက်ခိုက်သည်ကို အများဆုံးတွေ့ရှိရပြီး မြို့ပြဒေသလိုက် PDF/LDF များ လှုပ်ရှားရာ၊ တိုက်ပွဲဖြစ်ပွားရာ စစ်မျက်နှာများအား ပစ်မှတ်ထားကာ လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် ဒုတိယအများဆုံး ဖြစ်နေကြောင်း တွေ့ရှိပါသည်။ ERO တစ်ဖွဲ့ချင်းစီ၏ ထိန်းချုပ်နယ်မြေများကို လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် တတိယအများဆုံး ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ဆိုရပါမည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ စစ်အာဏာသိမ်းကာလအတွင်း နွေဦးတော်လှန်ရေးနှင့်အတူ ရပ်တည်လှုပ်ရှားနေသော ကရင်အမျိုးသားအစည်းအရုံး(KNU/KNLA) ၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO/KIA)၊ ရက္ခိုင့်တပ်တော်(ULA/AA)၊ ကိုးကန့်တပ်ဖွဲ့(MNDAA)၊ ချင်းအမျိုးသားတပ်ဦး(CNF/CNA)၊ တအာင်းအမျိုးသားတပ်(TNLA) ပါဝင်သော မြောက်ပိုင်း မဟာမိတ်(NA-B)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP/KA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)တို့၏ ထိန်းချုပ်နယ်မြေများအပေါ် လေကြောင်းမှတဆင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဆိုခဲ့ပါ ERO (၉) ဖွဲ့အပေါ် ပစ်မှတ်ထားခဲ့သည့် လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုသည် ရက်ပေါင်း ၁၀၀ ကျော်အထိ ရှိပြီး KNU/KNLA နှင့် KIO/KIA တို့သည် အများဆုံးပစ်မှတ်ထားတိုက်ခိုက်ခြင်းခံခဲ့ရသည်ကို တွေ့ရပါသည်။

လေကြောင်းမှတဆင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို နှစ်အလိုက်၊ လအလိုက်နှိုင်းယှဉ်လေ့ကြည့်ပါက ၂၀၂၁ ခုနှစ် မေလနှင့် ဒီဇင်ဘာလတို့သည် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုအများဆုံး လများ ဖြစ်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်းတွင်မူ နိုဝင်ဘာလသည် လေကြောင်းတိုက်ခိုက်မှု အများဆုံးလဖြစ်ခဲ့ပြီး ထိုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများသည် ဒုတိယမြောက် လေကြောင်းတိုက်ခိုက်မှုအများဆုံး လများ ဖြစ်နေသည်ကို တွေ့ရပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက်နှိုင်းယှဉ်ကြည့်ပါက KNU ထိန်းချုပ်နယ်နယ်မြေများ ရှိရာ ကရင်ပြည်နယ်သည် လေကြောင်း တိုက်ခိုက်မှုရက်ပေါင်း ၇၃ ရက်အထိ ရှိခဲ့ပြီး အများဆုံး ခံခဲ့ရသည်ကို ဆိုရပါမည်။

၂၀၂၃ ခုနှစ်သည် နွေဦးတော်လှန်ရေး အဆုံးအဖြတ်နှစ်ဟု သတ်မှတ်ကာ ERO များ၊ PDF/LDF များနှင့် နွေဦးတော်လှန်ရေး၏ အဓိကထောက်တိုင်များဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့အနေဖြင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ကာ ခုခံတော်လှန်စစ် အဆင့်မြှင့်နိုင်ရေးကြိုးပမ်းသကဲ့သို့ အာဏာသိမ်း စစ်ကောင်စီ၏ လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်မှုများသည်လည်း ပိုမိုအရှိန်မြှင့်လုပ်ဆောင်လာနေကြောင်း တင်ပြအပ်ပါသည်။

BNI-MPM

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်းအကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင်သတင်းဌာန(၁၅)ဖွဲ့အပြင်
အခြားသောပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review